နားလုံကျေးရွာ

ဟိုပုံးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားလုံကျေးရွာ၊ ဟိုပုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာ သယံဇာတပြမြေပုံ၊	
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ**	
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	ပညာရေး	
၈။	ကျန်းမာရေး	
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**	
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၄ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစု ပူးပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားလုံကျေးရွာ၊ ဟိုပုံးမြို့နယ်

နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု၊ နားလုံကျေးရွာသယံဇာတပြမြေပုံ



နောင်လိုင်မှုဖိတ်ကျေးရွာအုပ်စု၊ နားလုံကျေးရွာရာသီခွင်ပြမြေပုံ


ရာသီခွင်ပြပြက္ခဒိန်

နားလုံ ကျေးရွာ၊ နောင်လိုင်မှုဖိတ် ကျေးရွာအုပ်စု

ရက်စွဲ၊ ၁၈၊ ၁၁၊ ၂၃

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	-	လယ်ယာ	လယ်ယာ	လယ်ယာ	လယ်ယာ	-	-	-	-	-	-	-
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု				-		-	-	-	-	-	-	-
အသုံးစရိတ်												
ချေးငွေလိုအပ်မှု	-						-	-	-	-	-	
ဝမ်းစာဖူလုံမှု	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်	ဖြစ်
သောက်သုံးရေရရှိမှု	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန်အစာရရှိမှု												
တိရစ္ဆာန်ရောဂါကျရောက်မှု	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်	မဖြစ်
ကျန်းမာရေးအခြေအနေ	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	သင့်	ကောင်း	ကောင်း	ကောင်း
သီးနှံပိုးမွှားရောဂါကျရောက်မှု	-	-		-		-	-	-	-	-	-	-
ပွဲတော်	သင်္ကြန်ပွဲ	[illegible]	-	-	-	-	မီးထွန်းပွဲ	ကထိန် သင်္ကြန် [illegible]	[illegible]	-	[illegible]	-
သဘာဝဘေးအန္တရာယ်ကျရောက်မှု	-	-	-	-	-	-	-	-	-	-	-	-

နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု၊ နားလုံကျေးရွာ ရွာတွင်း၊ရွာပဆက်သွယ်မှုပုံစံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နားလုံကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၏ နောင်လိုင်မူဖိတ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပုံးမြို့နယ်၏ (၃၉)မိုင်ခန့်အကွာတွင် တည်ရှိပြီး ကျေးရွာ၏ တောင်ဘက်တွင် ဟိုင်းနွဲ့ကျေးရွာ၊ အရှေ့ဘက်တွင် မူဖိတ်ရွာ၊ မြောက်ဘက်တွင် ဝမ်ကျောင်းရွာ၊ အနောက်ဘက်တွင် ထီတန်းလိတ်ကျေးရွာ တည်ရှိပါသည်။ တောင်ကုန်းဒေသဖြစ်ပြီး ကျေးရွာတွင် ရှမ်းလူမျိုးများအများဆုံးနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နားလုံကျေးရွာသည် များသောအားဖြင့် မိုးများ၍ ရာသီဥတုမှာ ဆောင်းရာသီတွင် အေးမြစိုစွတ်ပြီး နွေရာသီတွင်လည်း အနည်းငယ်ပူပြင်းသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သာ မြေဧရိယာမှာ လယ်မြေ(၇၅)ဧကာ၊ ယာမြေ၊ တောင်ယာမြေ(၁၀၄)ဧကာ နှင့် စုစုပေါင်း ဧက(၁၇၉)ဧကာခန့်သာရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

နားလုံကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၂)စုရှိပြီး ကျား(၇၈)၊ မ(၉၀)ဦးဖြင့် လူဦးရေပေါင်း (၁၆၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းအောက်အနည်းငယ်လျော့နည်းပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေ၏(၇၃%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်သည်။ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်သည် မှီခိုသူဦးရေထက် ပိုများသည်ကိုတွေ့ရှိရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

နားလုံကျေးရွာတွင် အဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းအားလုံးသည် ကျေးရွာရှိ အဖွဲ့အစည်းအားလုံးသည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာသနာရေးစသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်၍ ကျေးရွာ၏ လုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။ ယင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လှုပ်ဆောင်ရွက်မှု အသင့်အတင့်ရှိသည်။

ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းကော်မတီအဖွဲ့မှ ကျေးရွာမူလတန်းကျောင်း၏ ဖွံ့ဖြိုးရေးကို တက်ညီလက်ညီ ကူညီဆောင်ရွက်ပေးပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

နားလုံကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ပြောင်း (၁၀၀)ဧကခန့်စိုက်ပျိုး၍ လယ်စပါးကို (၇၅)ဧကခန့် စိုက်ပျိုးကြပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်ယာ၊ တောင်ယာ စသည်ဖြင့် စိုက်ပျိုးကြပါပြီး မြေယာမဲ့မိသားစုအချို့မှာ နေ့စားအလုပ် လုပ်ကိုင်အသက်မွေးကြပါသည်။

ကျေးရွာတွင် မိမိတို့စိုက်ပျိုးရန် ပြောင်းသီးနှံကို အဓိကထား စိုက်ပျိုးကြပြီး စပါး၊ မြေပဲ၊ နှမ်းနှင့် ကြက်သွန်တို့ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေချေးထားခြင်းမရှိသည့်အတွက် စိုက်ပျိုးစရိတ်အရင်းအနှီး မတတ်နိုင်သောကြောင့် မြေယာပိုင်ဆိုင်သလောက် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပြီး ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်မှုပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ် ရှိသကဲ့သို့ တစ်ခါတစ်ရံဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။ ကျေးရွာသည် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုအားနည်းခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် နည်းပညာ အားနည်းလျက် ရှိပါသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် ငွေကြေးအရင်းအနှီး မပြည့်စုံမှု ပြဿနာကို ရင်ဆိုင်ရပြီးငွေကြေးအရင်းအနှီးအတွက် သီးနှံပွဲစား များထံမှ အတိုးပေးပြီး ငွေကြေး အရင်းအနှီးများကို ချေးယူသုံးစွဲရသည့်အတွက် ကုန်ကျစရိတ်မြင့်မားလျက်ရှိပါသည်။

ကျေးရွာတွင် ထွန်စက်ပိုင်ဆိုင်သုံးစွဲနိုင်သည့် အိမ်ထောင်စု (၁၄)စုရှိပြီး အများစုမှာ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုကြပါသည်။ ဓာတ်မြေဩဇာများကို ဟိုပုံးမြို့မစျေးတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို ဟိုပုံးမြို့နှင့် မိုင်းပွန်မြို့တွင်ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

နားလုံကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ကျွဲ၊ နွား များကို အဓိကမွေးမြူကြသည်။ ဝက်နှင့်ကြက် မွေးမြူသည့် အိမ်ထောင်စုလည်း အနည်းငယ်ရှိသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်သူအနည်းငယ်သာရှိသည်။ တိရိစ္ဆာန်အပေါ် ပိုးမွှားရောဂါကျရောက်မှုရှိပါက ကုသနည်းမသိသောကြောင့် မွေးမြူရေးလုပ်ငန်းကို

လုပ်ကိုင်ခြင်းနည်းပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချိတ်ဆက်မှုအားနည်းသောကြောင့် မွေးမြူရေးကို အဓိကထား၍ မလုပ်ကိုင်ကြပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

နားလုံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် အိမ်ဆိုင်ဖွင့်၍ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန် အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားခြင်းကြောင့် ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

နားလုံကျေးရွာတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုအနေဖြင့် လမ်းပန်းဆက်သွယ်မှု အနေ အထား၊ ကျေးရွာလူထု၏ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုမရှိခြင်းကြောင့် ကျေးရွာသို့ ဘဏ်များ၊ အခြားငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများမှ ကျေးရွာသို့ ချိတ်ဆက်လာရောက်ခြင်း မရှိချေ။ အစိုးရ ဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေချပေးထားခြင်းမရှိသည့်အတွက် ကျေးရွာအတွင်း အဆင်ပြေသော အိမ်ထောင်စုများထံမှ ချေးယူရခြင်းတို့ဖြင့် အခက်အခဲကို ဖြေရှင်းရပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ကားများရှိပါ သည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် ပွင်းလင်းရာသီတွင် သွား လာရ လွယ်ကူသော်လည်း မိုးရာသီတွင် အခက်အခဲများရှိပါသည်။ ရွာချင်းဆက်လမ်းများမှာ မြေ သားလမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ ဝေးလံ၍ လမ်းမကောင်းသောကြောင့် သွားလာရန် သိပ်အဆင်မပြေပါ။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့်ဝေးကွာသည့်အတွက် လျှပ်စစ်မီးမရှိသေးပါ။ ဆိုလာမီး ကို အဓိက အသုံးပြုကြပြီး လျှပ်စစ်သုံးစွဲသူနှင့် ဖယောင်းတိုင် သုံးစွဲသူများလည်း ရှိကြောင်း တွေ့ရပါ သည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နားလုံကျေးရွာသည် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်း အသင့်အတင့်ရရှိသောကြောင့် ဆက်သွယ်ရေးနှင့် သတင်းဆိုင်ရာ ဗဟုသုတအချက်အလက်များလည်း ကြည့်ရှုနိုင်ပြီး အွန်လိုင်းနှင့် သက်ဆိုင်သော အသိပညာဗဟုသုတများရရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

နားလုံကျေးရွာတွင် ကျောင်းတက်သည့်လူဦးရေစုစုပေါင်း (၂၄)ဦးရှိပြီး အလယ်တန်းနှင့် အထက်တန်းသို့ ဆက်လက်ပညာသင်ကြားသူမရှိကြောင်း တွေ့ရှိရပါသည်။ မူလတန်းပညာ တတ်မြောက်ပြီးလျှင် မိဘလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြသည်မှာများပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းအထိသာရှိပါသည်။ မူလတန်းအထိသာရှိသောကြောင့် မူလတန်းအထိသာ ပညာသင်ယူနိုင်ကြပြီး ကျန်သောအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့အတွက် အခြားကျောင်းများသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ကျေးရွာတွင် ငွေကြေးအဆင်မပြေမှုများနှင့် အသိပညာဗဟုသုတ နည်းပါးသောကြောင့် အလယ်တန်းနှင့်အထက်တန်းအဆင့်တို့အတွက် တက်ရောက်သူမရှိပါ။

၈။ ကျန်းမာရေး

နားလုံကျေးရွာတွင် ဆေးပေးခန်းမရှိသော်လည်း ကျန်းမာရေးဆရာမ(၁)ဦးရှိသဖြင့် အဆင်ပြေပါသည်။ ကျန်းမာရေးနှင့်ဆိုင်သော အရေးပေါ်ကိစ္စများဖြစ်ပေါ်ပါက (၁၀)မိုင်ခန့်ဝေးသော မိုင်းပွန်မြို့နယ်ဆေးရုံနှင့် ပင်လုံဆေးရုံများသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာများကို အများဆုံးသုံးစွဲကြသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် ရေထွက်မှရေကို ပိုက်ဖြင့်သွယ်ယူလာပြီး ကျေးရွာရေလှောင်ကန်တွင် ထည့်၍ ထိုရေကို ရွာသူရွာသားများ သောက်သုံးရေအဖြစ် သုံးစွဲကြရပါသည်။ ရေအရည်အသွေး စစ်ဆေးထားခြင်းမရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိ ကျေးရွာသူ/သားများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနည်းများကို သိနားလည်မှု နည်းပါးခြင်းကြောင့် တောမီးရှို့ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ထင်းခုတ်ခြင်းကို အဟန့်အတားမရှိ လုပ်ဆောင်နေကြသဖြင့် ရေရှည်တွင် သစ်တောများပြုန်းတီးခြင်း၊ သဘာဝတိရိစ္ဆာန်မျိုးတုံခြင်း၊ ရေရှားပါးလာခြင်း၊ စိုက်ပျိုးမြေအက်စစ်ဓါတ်လွန်ကဲခြင်းကြောင့် မြေဆီလွှာ

ပျက်စီးခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် အန္တရာယ်ရှိမှုအနေဖြင့် ပလပ်စတစ် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အလွန်အားနည်းပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မိမိတို့ကျေးရွာရှိ အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် ပါဝင်ပါသည်။ မိမိတို့ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအားနည်းမှုများကြောင့် တရားဥပဒေနှင့်ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင်လုပ် ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမီးရန်နေရာများ မရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်းထားခြင်းမရှိပါ။ ရဲဘက်ဆိုင်ရာမှ အသိပညာပေးဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှုမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈
၁	ဝန်ထမ်းအိမ်ရာ နှင့် ရေပိုက်လိုအပ်ခြင်း	၁	√				
၂	ကုန်ထုတ်လမ်းလိုအပ်ခြင်း	၂		√	√	√	√
၃	ရွာချင်းဆက်လမ်းလိုအပ်ခြင်း	၃		√	√	√	√
၄	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၄		√	√	√	√
၅	ရွာချင်းဆက်တံတား	၅		√	√	√	√

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ – နားလုံကျေးရွာ ကျေးရွာအုပ်စု – နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု မြို့နယ် – ဟိုပုံးမြို့နယ် တိုင်း/ပြည်နယ် – ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည် – ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ နားလုံကျေးရွာ မူလတန်းကျောင်းတွင် တာဝန်ကျသော ဆရာ/ဆရာမများမှာ ဝန်ထမ်းအိမ်ရာမရှိသောကြောင့် နေရေးထိုင်ရေးခက်ခဲနေပါသဖြင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်နှင့် ရေပိုက်များ လိုအပ်နေပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာကျောင်းတွင် တာဝန်ကျသော ဆရာ/ဆရာမများ နေရေးထိုင်ရေးအဆင်ပြေစေရန်နှင့် စာသင်ကြားရာတွင်ပိုမိုအာရုံစိုက်နိုင်ရန် ရည်ရွယ်ပါသည်။
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) ကျေးရွာကျောင်းတွင် ဝန်ထမ်းအိမ်ရာနှင့် ရေပိုက်များဆောက်လုပ်သွယ်တန်းပြီးပါက ကျေးရွာကျောင်းတွင် တာဝန်ကျသော ဆရာ/ဆရာမများ နေရေးထိုင်ရေးအဆင်ပြေပြီး ကျောင်းသူ/ကျောင်းသားများအား သင်ကြားပို့ချရာတွင် ပိုမိုအာရုံစိုက်လာနိုင်မည်ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း ၃၀'x၁၆'x၁၂'၊ ၈၀၀'

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) ကျပ် (၁၅၀) သိန်း • • (ပစ္စည်း/လုပ်အား) ကျပ်သန်း(၅.၀၁၆)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၇၈	၉၀	၁၆၈		၂၉		၃	
အကျိုးခံစားမည့်သူဦးရေ	၇၈	၉၀	၁၆၈		၂၉		၃	
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) - ကျေးရွာဖွံ့ဖြိုးရေးကော်မတီ - ကျေးရွာလူငယ်အဖွဲ့ - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၁.၁၂.၂၀၂၃
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၂၈.၂.၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာမှအဓိကအားဖြင့် လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီး တစ်အိမ်တစ်ယောက်လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါဝင်ပေးရမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာပိုင်ဆရာမဝန်ထမ်းအိမ်ရာနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအား ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီ ပြန်လည်ပြင်ဆင်သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု၊ နားလုံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁။	ဒေါ်ခိုင်ဝင်း	၁၃/တသန(နိုင်)၁၀၈၀၆၃	ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၂။	စိုင်းလောဝ်ဘုန်း	၁၃/ဟပန(နိုင်)၁၂၄၅၂၀	အတွင်းရေးမှူး	ချက်လက်မှတ်ထိုး
၃။	စိုင်းကျန်	၁၃/ဟပန(နိုင်)၀၇၂၂၈၉	ဝယ်/ဥက္ကဋ္ဌ	ချက်လက်မှတ်ထိုး
၄။	စိုင်းငွေ	၁၃/ဟပန(နိုင်) ၀၄၇၈၆၀	ဘဏ္ဍာရေးမှူး	
၅။	နန်းယု	၁၃/ဟပန(နိုင်)၀၁၀၇၄၃	အဖွဲ့ဝင်	
၆။	နန်းနွန်	၁၃/ဟပန(နိုင်)၁၁၄၀၆၆	အဖွဲ့ဝင်	
၇။	ဦးစိုင်းနွန်	၁၃/ဟပန(နိုင်)၁၁၀၈၁၄	စာရင်းကိုင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	–	၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	–	၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၉	၁၇	၂၆		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	–	–	–		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၇	၆၆	၁၂၃		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၇	၉		
စုစုပေါင်း		၇၈	၉၀	၁၆၈		
စုစုပေါင်း အိမ်ထောင်စု		၃၂				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် အိမ်ထောင်စု(၃၂)စုနှင့် လူဦးရေပေါင်း(၁၆၈)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ ကျေးရွာလူဦးရေ၏ (၇၃%) ခန့်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၂		၁၁	၁၆	၂၃		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
၁၅	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
၁၆	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	ပညာရေး							
၁၇	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	ကျန်းမာရေး							
၁၈	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	လူမှုရေး လုပ်ငန်းများ							
၁၉	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် ကုန်စုံဆိုင်၊ လက်သမားများ လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်လျှက်ရှိကြောင်း တွေ့ရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၇၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀		၈၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် တောင်ယာလုပ်ငန်းများ၌ ကျား/မလုပ်အားခနှုန်း အနည်းငယ်ကွာခြားမှုရှိပြီး (၇၀၀၀/၆၀၀၀)ဝန်းကျင်သာရရှိပြီး ဆောက်လုပ်ရေး၊ လက်သမားလုပ်ငန်းများတွင် အမျိုးသမီးများမလုပ်ကိုင်၍ အမျိုးသားအများဆုံးနေ့စားမှာ (၁၂၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးနေ့စားမှာ (၈၀၀၀) ကျပ် ရရှိသောကြောင့် လုပ်အားခရရှိနှုန်းမှာ အခြားရွာများ၏ နေ့စားခနှင့်ယှဉ်လျှင် အဆင်ပြေသည့် အခြေအနေကို တွေ့ရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ/တောင်ယာမြေ	၁၀၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၇၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ နားလုံကျေးရွာတွင် လယ်မြေ(၇၅)ဧကနှင့် ယာမြေ/တောင်ယာမြေ(၁၀၄)ဧက စုစုပေါင်း (၁၇၉)ဧကော ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ☐	လျော့ ☑ တိုး☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... **ဦးတည်အုပ်စုဆွေးနွေးခြင်း** -

ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဓါတ်သတ္ထုနှင့် အခြားသဘာဝ အရင်းအမြစ် မထွက်ရှိပါ။ သစ်တော ပြုန်းတီးမှုကြောင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ဆေးဘက်ဝင်အပင်များ နည်းပါးလာသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
		ကောင်း		
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု		၂၉		၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၂၉)စုအများဆုံးဖြစ်သည်။ အလွန်မပြေလည်သော အိမ်ထောင်စုအနေဖြင့်(၃)စုရှိကြောင်း တွေ့ရှိရသဖြင့် ကျေးရွာသည် စီးပွားရေးအရ အဆင်ပြေသော ကျေးရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၃	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____ √_____ လုပ်အားခကြိုယူ = _____√_____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုရေးပြရန်)
ဖလမှာ၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ နားလုံကျေးရွာတွင်ရှိသော အဆင်မပြေသည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ မြေယာအနည်းငယ်ရှိသော်လည်း စိုက်ပျိုးစရိတ် မတတ်နိုင်ခြင်းတို့ကြောင့် ပို၍အဆင်မပြေဖြစ်ကြပြီး လုပ်အားခကြိုယူခြင်း၊ ငွေချေးယူခြင်း နည်းလမ်းများဖြင့် ဝမ်းစာကို ပြေလည်အောင် ဖြေရှင်းနေရသည်ကို တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြင့်နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်		၁	
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နားလုံကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (ဖြင့်) နှစ်နှင့်အထက် (၂)ဦးနှင့် မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်အမျိုးသမီး(၁)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၂)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း		√		√		
၁၁	မိုးသီးကြွေကျမှု	√			√		
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓		✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓		✓		
၂၀	သစ်တောပြုန်းတီးခြင်း		✓		✓		
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓				
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် အိမ်ထောင်စု(၃၂)စုရှိသည့်အနက် ဆင်းရဲသော အိမ်ထောင်စုများမှာ ဆင်းရဲနွမ်းပါးမှု၊ စားနပ်ရိက္ခာမလုံလောက်မှုနှင့် လက်ရှိဖြစ်ပွားနေသည့် ကူးစက်ရောဂါနှင့် မြင့်တက်နေသော ကုန်ဈေးနှုန်းကြောင့် ထိခိုက်သက်ရောက်မှုရှိသည့် အိမ်ထောင်စု အတော်များသည်ကို တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓	✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာသည် လူငယ်၊ ဆင်းရဲသည့် အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုနှင့် လက်ရှိကုန်ဈေးနှုန်းမြင့်မားမှုကြောင့် သီးနှံဈေးကွက် မရှိခြင်းတို့ကြောင့် ဝင်ငွေ၊ ထွက်ငွေများ မမျှတခြင်းဖြစ်ပေါ်နေပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐၂☑၃☐	၅		၅	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ကျောင်းကော်မတီ	၁☐၂☑၃☐	၂		၂	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	လူငယ်အဖွဲ့	၁☐၂☑၃☐	၅		၅	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၄	ဘုန်းကြီးကျောင်းဝေယျာဝစ္စအဖွဲ့	၁☐၂☑၃☐	၂		၂	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၅	VDPကော်မတီ	၁☐၂☑၃☐	၉			ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	ဆယ်အိမ်ခေါင်း	၁□၂☑၃□	၅		၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် အဖွဲ့အစည်း(၆)ဖွဲ့ရှိပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့သည် ကျေးရွာ၏ သာရေး၊နာရေး ကိစ္စရပ်များတွင် ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ လူမှုရေးနှင့် ကျေးရွာရှိ ဖြစ်သမျှကိစ္စရပ်များအား ဦးဆောင်ဖြေရှင်းကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လ
မ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ -
သမဝါယမဦးစီးဌာန၏
သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို
ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပအဖွဲ့အစည်းများမှ လာရောက်ကူညီခြင်းမျိုးမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) <u>စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)</u>

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၉	၇	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား			တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၉		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၃၂	၁၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် (၁၂.၅)ဧကအထက် လုပ်ကိုင်သော အိမ်ထောင်စုမရှိဘဲ (၂.၅)ဧကအောက် တောင်သူငယ်(၉)စု၊ မြေယာမဲ့(၄)စုနှင့် (၅ဧက မှ ၁၂.၅)ဧကအကြား လုပ်ကိုင်သူ(၁၉)ဦး ရှိသည်ကို တွေ့ရပြီး ကျေးရွာသည် တောင်သူငယ်နှင့် မြေယာမဲ့ များပြားကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေး ရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၃၂	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□ မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□ မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□

ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် (၂)မိုင် ကွာဝေးသော စိမ့်စမ်းရေမှ သောက်ရေ၊ သုံးရေရရှိပြီး ချောင်းရေမှ စပါး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီစသည်တို့ကို စိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၁၀၀	ပိဿာ				ဇွန်	နိုဝင်ဘာ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐နိမ့်☐
စပါး	၇၅	ပုံး				ဇွန်	နိုဝင်ဘာ	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐ နိမ့်☑	မြင့်☐လတ်☐နိမ့်☐
မြေပဲ	၁၅	တင်း				မေ	စက်တင်ဘာ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐နိမ့်☐
ကြက်သွန်ဖြူ	၁	ပိဿာ				နိုဝင်ဘာ	ဖေဖြို	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐နိမ့်☐
ကြက်သွန်နီ	၁	ပိဿာ				နိုဝင်ဘာ	မေ	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐နိမ့်☐
နှမ်း								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် စပါး၊ ပြောင်းကို အဓိက စိုက်ပျိုးပြီး အထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁၄			
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ နားလုံကျေးရွာတွင် လယ်ထွန်စက်(၁၄)စီးသာရှိပြီး တောင်ယာလုပ်ကိုင်သူ အများစုမှာ စက်ရှိသူထံမှ ငှားရမ်း၍လည်းကောင်း၊ ကျွဲ၊ နွားများကို အသုံးပြု၍လည်းကောင်း စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရ☑မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ☑**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□** **သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ□**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐**
